# (၇၅)ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ အောင်စာရင်းထုတ်ပြန်ကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကျင်းပသည့် (၇၅)ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကို ၂၆-၁၂-၂၀၂၂ ရက်နေ့မှ ၂၇-၁-၂၀၂၃ ရက်နေ့အထိ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပခဲ့ပါသည်။

(၇၅)ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်ဆိုပွဲတွင် မူလအာဘိဓမ္မိက(အဘိဓမ္မာပထမပိုင်းငါးကျမ်းအောင်) ၄ ပါး၊ ဒီဃဘာဏက(ဒီဃနိကာယ်သုံးကျမ်းအောင်) ၈ ပါး၊ ဝိနယဓရ(ဝိနည်းဒုတိယပိုင်းအောင်) ၃၇ ပါး၊ ဥဘတောဝိဘင်္ဂဓရ(ဝိနည်းပထမပိုင်းအောင်) ၈၅ ပါး၊ **စုစုပေါင်း ၁၃၄ ပါး** အောင်မြင်ခဲ့ပါသည်။

(၇၅)ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေပွဲတွင် ဒီဃနိကာယကောဝိဒ(ဒီဃနိကာယ်သုံးကျမ်းအောင်) ၃ ပါး၊ ဝိနယကောဝိဒ (ဝိနည်းဒုတိယပိုင်းသုံးကျမ်း) ၈ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ (ဝိနည်းပထမပိုင်းနှစ်ကျမ်း) ၇ ပါး၊ **စုစုပေါင်း ၁၈ ပါး** အောင်မြင်ခဲ့ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

သာသနာရေးဦးစီးဌာန